ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ဖရူဆိုမြို့

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project (NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# Village Development Plan (VDP)


## တော်ခူကျေးရွာအုပ်စု၊ တော်ခူရွာဟောင်းကျေးရွာ

၂၀၁၈ ခုနှစ် ဖရူဆိုမြို့နယ်


# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁။ | ဖရူဆိုမြို့နယ် အခြေပြမြေပုံ | ၁ | ၁ |
| ၂။ | တော်ခူကျေးရွာအုပ်စု အခြေပြမြေပုံ | ၂ | ၂ |
| ၃။ | တော်ခူအုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း | ၃ | ၃ |
| ၄။ | ကျေးရွာအခြေခံ အချက်အလက်များ | ၃ | ၃ |
| ၅။ | လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား | ၄ | ၄ |
| ၆။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီ အတွက်သုံးသပ်ချက်များ | ၅ | ၁၈ |
| ၇။ | ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်း ဓာတ်ပုံများ | ၁၉ | ၂၀ |
| ၈။ | တော်ခူရွာဟောင်းကျေးရွာ စီမံကိန်းအထောက်အကူပြု ကျေးရွာကော်မတီဝင်များ စာရင်း | ၂၁ | ၂၁ |
| ၉။ | ကျေးရွာအချက်အလက် (ပုံစံ-၁) | ၂၂ | ၂၄ |
| ၁၀။ | စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂) | ၂၅ | ၂၅ |
| ၁၁။ | ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) | ၂၆ | ၂၇ |
| ၁၂။ | ကျေးရွာအစည်းအဝေးမှတ်တမ်းများ | ၂၈ | ၂၉ |
| ၁၃။ | ကဏ္ဍအလိုက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | ၃၀ | ၃၀ |

၁။ ဖရူဆိုမြို့နယ်အခြေပြမြေပုံစာရင်း



## ၂။ တော်ရူကျေးရွာအုပ်စု အခြေပြမြေပုံ



## ၃။ တော်ခူအုပ်စုတွင် ပါဝင်သောကျေးရွာများစာရင်း

(၁) တော်ခူရွာသစ်
(၂) ကလော်ဒူ
(၃) ကလိလျား
(၄) ကရော့
(၅) တော်ခူရွာဟောင်း
(၆) ပလဲ့လယ်
(၇) နန်းခွီးခို
(၈) ပလိုဒေးခို
(၉) ပရယ်စော်ခူ
(၁၀) သော်ခူ
(၁၁) ခေါပရာ

## ၄။ ကျေးရွာအခြေခံ အချက်အလက်များ


တော်ခူရွာဟောင်းကျေးရွာသည် တော်ခူအုပ်စုတွင်ပါဝင်သော ကျေးရွာတစ်ရွာဖြစ်သည်။ တော်ခူရွာဟောင်းကျေးရွာသည် တော်ခူအုပ်စုတွင် ရှေးအကျဆုံးသောကျေးရွာတစ်ရွာဖြစ်ပါသည်။ ကျေးရွာ၏ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းလုပ်ငန်း ဖြစ်ပြီး မျိုးရိုးစဉ်ဆက် ယခုတိုင်အောင်လုပ်ကိုင်ကြပါသည်။ အခြားသောလုပ်ငန်းများမှာ ကွမ်းသီး၊ ကွမ်းရွက်စိုက်ပျိုးခြင်း၊ ဖာလာစိုက်ပျိုးခြင်း၊ ထင်းရှူး၊ ပလိုင်းနှင့်အခြားသော လက်မှုလုပ်ငန်းများကိုလည်း လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် အဓိက အားဖြင့် ကော်ယော် (မိုနူ)လူမျိုးတစ်မျိုးတည်းသာနေထိုင်ပြီး ယုံကြည်ကိုးကွယ်သောဘာသာမှာ နတ်ခြင်း ခရစ်ယာန်ဘာသာဖြစ်ပါသည်။ လမ်းပန်းဆက်သွယ်ရေးအခြေအနေမှာ ရွာတွင်းတွင် ကျောက်ချောလမ်းများဖြစ်ပြီးနန်းဖဲ-တော်ခူ- ကေကော လမ်းမကြီးပေါ်တွင်တည်ရှိသောကြောင့်လမ်းပန်းဆက်သွယ်ရေးမှာ ရာသီမရွေးကောင်းစွာသွားလာအသုံးပြုနိုင်ပါသည်။ တစ်ခါတစ်ရံ မြေပြိုမှုများကြောင့် လမ်းကြောင်းပိတ်ဆို့မှုများဖြစ်ပေါ်တတ်ပါသည်။ ပညာရေးအနေဖြင့် ရွာတွင်းတွင် အစိုးရ မူလတန်းကျောင်းရှိပါသည်။ ကျန်းမာရေးအခြေအနေမှာ ရွာတွင် အရံသားဖွားဆရာမ ရှိပြီး အစိုးရကျန်းမာရေးအပြင် အခြားသော ကျန်းမာရေးအဖွဲ့အစည်းများနှင့်လည်း ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်လုပ်ငန်းစဉ်(PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အသုံးပြုခဲ့သော PRA tools များ |
|---|---|
| ၁ | လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ |
| ၂ | ဉစ္စာဓနကြွယ်ဝမှုအဆင့် သတ်မှတ်ချက် (Wealth Ranking) |
| ၃ | အရင်းအမြစ် ထိန်းချုပ်မှုပြဇယား |
| ၄ | ရာသီခွင်ပြ ပြက္ခဒိန် (Sensonal Clender) |
| ၅ | ပင့်ကူအိမ်သုံးသပ်ခြင်း (Cob Web) |
| ၆ | အဖွဲ့အစည်းချိတ်ဆက်မှုပြဇယား |

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

## လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ



**ရည်ရွယ်ချက်။** ။တော်ခူရွာဟောင်းကျေးရွာ၏ လူမှုရေးပြမြေပုံ သုံးသပ်ရခြင်း၏ ရည်ရွယ်ချက်မှာ ကျေးရွာ ၏ တည်နေရာအနေအထားနှင့် ဘာသာရေးကိုးကွယ်မှုပုံစံ၊ အသက်မွေးဝမ်းကျောင်းနှင့် အခြေခံအဆောက်အအုံများ၊ လမ်းပမ်းဆက်သွယ်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေးအခြေအနေနှင့် ရေရရှိမှု စသည့်အခြေနေများကို သိရှိစေရန်ဖြစ်ပါသည်။

တော်ခူရွာဟောင်းကျေးရွာသည်တော်ခူအုပ်စုတွင်းမှကျေးရွာတစ်ရွာဖြစ်ပြီး ဖရူဆိုမြို့၏ အနောက်ဘက်တွင်တည်ရှိသည်။ တော်ခူရွာဟောင်းကျေးရွာတွင် လူဦးရေ စုစုပေါင်း(၄၅၇)ဦး ရှိပြီး၊ ကျား(၂၃၄)ဦး၊ မ(၂၂၃)ဦး နေထိုင်ကြပါသည်။ ရွာသူရွာသားများသည် ကော်ယော်(မိုနူနှင့် မနော) လူမျိုးများဖြစ်ကြပြီး ခရစ်ယာန်ဘာသာဝင်များဖြစ်ကြပါသည်။


ကျေးရွာ၏ ရွာတွင်းလမ်းများအားလုံးသည် မြေသားလမ်းများဖြစ်ကြသည်။ တခြားရွာများနှင့်ဆက်စပ်သော ရွာချင်းဆက်လမ်းများသည် မော်တော်ဆိုင်ကယ်လမ်းများ ဖြစ်သည်။ နွေရာ သီနှင့် ဆောင်းရာသီတွင် ဆိုင်ကယ်ဖြစ်သွားလာနိုင်သော်လည်း မိုးရာသီတွင်မိုးရွာသွန်းမှုများ ပါကခြေလျင် အသုံးပြုရပါသည်။ တော်ခူရွာဟောင်းကျေးရွာတွင် မူလတန်းကျောင်း(၁)ကျောင်း၊ ဘုရားကျောင်း(၁) ကျောင်း၊ မူကြိုကျောင်း(၁)ကျောင်း၊ စပါးဘဏ်၊ အုတ်ရေကန်(၃)ကန်နှင့် ရွာလမ်းများ၊ ကွမ်းခြံ၊ တောင်ယာ များ၊ သင်းချိုင်း စသည်တို့ တည်ရှိပါသည်။

တော်ခူရွာဟောင်းကျေးရွာ၏ လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံသုံးသပ်ခြင်းဖြင့် အဓိကအသုံးပြုနေသော အရင်းအမြစ်များမှာ တောင်ယာ၊ သစ်တောတို့ဖြစ်ကြသည်။ ကျေးရွာအတွင်းတွင် လူမျိုးစုများသည် သီးခြားနေထိုင်ခြင်းမရှိဘဲ တစုတစည်းတည်းနေထိုင်ကြသည်ကို တွေ့ရှိရသည်။

တော်ခူရွာဟောင်းအနေဖြင့် အဓိကအခြေခံဝန်ဆောင်မှုများမှာ ရွာတွင်းလမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ နွေရာသီတွင်ရေမလုံလောက်ခြင်း၊ အစည်းအဝေး ပြုလုပ်ရာနေရာမရှိခြင်း၊ ရေစုကန်မလုံလောက် ခြင်းနှင့် ဆက်သွယ်ရေးအခက်အခဲရှိသောကျေးရွာတစ်ရွာဖြစ်ပါသည်။ ထို့အပြင် တောတောင်ထူထပ်သော်လည်း သဲများ၊ ကျောက်တောင်များမရှိခြင်းကြောင့် အခြေခံအဆောက်အဦးများဆောက်လုပ်ရာတွင်လည်း အခက်အခဲတွေ့နေရပါသည်။ ထို့ကြောင့် အရင်းအနှီးများဖန်တီးပေးခြင်း၊ ဝင်ငွေရရှိသောစီမံကိန်းများနှင့် ဖွံ့ဖြိုးရေးအသိအမြင်ဖွင့် သင်တန်းများ ပံ့ပိုးပေးနိုင်ရန် လိုအပ်လျက်ရှိသော ကျေးရွာတစ်ရွာဖြစ်ကြောင်း သုံးသပ်တွေ့ ရှိရပါသည်။

မှတ်တမ်းတင်သူ
ကူးရယ်
လူထုစည်းရုံးရေးမှူး

## ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း




**ရည်ရွယ်ချက်။** တော်ခူရွာဟောင်းကျေးရွာ၏ ဥစ္စာဓနကြွယ်ဝမှုအဆင့် သတ်မှတ်ရခြင်း၏ ရည်ရွယ်ချက်မှာ ကျေးရွာတွင်ရှိသော ထိခိုက်လွယ်သောအုပ်စုများ၊ ပြေလည်သောအုပ်စုများ၏ အခြေအနေများ သိရှိစေရန်၊ ထိခိုက်လွယ်အုပ်စုများ ဤသို့ဖြစ်ရခြင်းအကြောင်းရင်းများကို သိရှိစေရန်နှင့် စီမံကိန်းတွင် ပူးပေါင်းပါဝင်မှု အားကောင်းလာစေရန် ရည်ရွယ်ပါသည်။

တော်ခူရွာဟောင်းကျေးရွာဥစ္စာဓနအဆင့် သတ်မှတ်ရာတွင် ချမ်းသာသောအုပ်စု၊ ပြေလည်သောအုပ်စုနှင့် မပြေလည်သောအုပ်စု ဟူ၍အုပ်စု(၃)စု ခွဲခြားထားပါသည်။ ချမ်းသာသောအုပ်စု၏ သွင်ပြင် လက္ခဏာများမှာ ပျဉ်ထောင်အိမ်၊ ဆိုင်ကယ်၊ ကျွဲ၊ နွား တို့ပိုင်ဆိုင်သောသူများဖြစ်ကြပြီး အိမ်မွေးတိရိစ္ဆာန်များဖြစ်သည့် ကြက်၊ ဝက်များပိုင်ဆိုင်ကြပါသည်။ ထိုချမ်းသာသော အုပ်စုတွင်အိမ်ထောင်စု(၆)စု ရှိပါသည်။ ပြေလည်သောအုပ်စု၏ သွင်ပြင်လက္ခဏာများမှာ ဝါးထရံအိမ်၊ ဆိုင်ကယ်၊ ကျွဲ၊ နွား တို့ ပိုင်ဆိုင်သောသူများဖြစ်ကြပြီး ထိုပြေလည်သော အိမ်ထောင်စု(၁၅)စု ရှိပါသည်။ မပြေလည်သောသူများ၏ သွင်ပြင်လက္ခဏာများမှာ ဝါးထရံအိမ်၊ တောင်ယာ စသည်တို့ပိုင်ဆိုင်သောသူများဖြစ်ကြပြီး စုစုပေါင်း အိမ်ထောင်စု(၄၄)စု ရှိပါသည်။ ကျေးရွာ၏ အုပ်စု(၃)စုတွင် ပါဝင်နေသော အိမ်ထောင်စုအားလုံးသည်ယခင်အချိန်(လွန်ခဲ့သော (၅)နှစ်)ကတည်းကပင် ထိုတည်ရှိမှုအတိုင်း ရှိနေခြင်းဖြစ်ပါသည်။

တော်ခူရွာဟောင်းကျေးရွာ၏ ဥစ္စာဓနကြွယ်ဝမှုသုံးသပ်ခြင်းဖြင့် နွမ်းပါးသောအုပ်စုများ အဓိကမပြေလည်ရသော အကြောင်းအရင်းများမှာ တောင်ယာလုပ်ငန်း မဖြစ်ထွန်းခြင်း၊ မြေဆီလွှာမကောင်း ၍သီးနှံအထွက်နည်းခြင်း၊ သစ်တောပြုန်းတီးခြင်းနှင့် ရာသီဥတုဖောက်ပြန်ခြင်း၊ ဝင်ငွေရအလုပ်အကိုင် မရှိခြင်းတို့ကြောင့်ဖြစ်ပါသည်။ ထို့အပြင် စိုက်ပျိုးရေးနည်းပညာ မတိုးတက်ခြင်း၊ ဖွံ့ဖြိုးရေးအသိပညာ နည်းပါးခြင်း၊ အရင်းအနှီးမရှိ၍ ကိုယ်ပိုင်လုပ်ငန်းမရှိခြင်းကြောင့်လည်းဖြစ်ပါသည်။ ထို့ကြောင့် နွမ်းပါးသောအုပ်စုများ ဖွံ့ဖြိုးတိုးတက်လာစေရန် စီမံကိန်းလုပ်ငန်းများ အစီအစဉ်ရေးဆွဲရာ၌ အဓိက ထည့်သွင်းစဉ်းစားရာတွင် လူမျိုးစုအားလုံးတန်းတူ ပါဝင်ခွင့်ပေးရေးကို ဦးစားပေးဆောင်ရွက်ရန်လိုအပ်သည်။ သို့ဖြစ်ပါ၍ မပြေလည်သောအုပ်စုများ၊ ထိခိုက်လွယ်သောအုပ်စုများ အားလပ်သောအချိန်တွင် စီစဉ်ရေးဆွဲခြင်း၊ လူထုလုပ်အားဖြင့်ဆောင်ရွက်နိုင်သော စီမံကိန်းလုပ်ငန်းများ အကောင်ထည်ဖော်ပေးခြင်းဖြင့် နွမ်းပါးသော အုပ်စုများ တနည်းတလမ်းဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

မှတ်တမ်းတင်သူ
ကူးရယ်
လူထုစည်းရုံးရေးမှူး

## အရင်းအမြစ်များထိန်းချုပ်မှုပြဇယား



**ရည်ရွယ်ချက်**။ တော်ခူရွာဟောင်းကျေးရွာ၏ အရင်းအမြစ်များထိန်းချုပ်မှုပြမြေပုံကို ရေးဆွဲရခြင်းသည် ထိုအရင်းအမြစ်များကို မည်သူက အသုံးပြုပြီး၊ မည်သူကဆုံးဖြတ်ချက်ချသည်ကို သိရှိရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။

တော်ခူရွာဟောင်းကျေးရွာတွင် တည်ရှိနေသော အရင်းအမြစ်များမှာ တောင်ယာများ၊ ရေ၊ ဝါး၊ ထင်း၊ ကျောက်တောင်၊ အိမ်မွေးတရိစ္ဆာန်များဖြစ်သော(ကြက်၊ ဝက်)၊တောင်ယာများတွင် အသုံးပြုသော ကျွဲ၊ နွားများ၊ လမ်းနှင့်စိုက်ပျိုးသီးနှံများဖြစ်သော(ကွမ်းသီးပင်၊ ကွမ်းရွက်ပင် ၊ငှက် ပျောပင်) စသော အရင်းအမြစ်များရှိပါသည်။ ထိုအရင်းအမြစ်များကို အမျိုးသား၊ အမျိုး သမီးများ အတူတူပင် အသုံးပြုကြပါသည်။ ထိုကဲ့သို့ ကျေးရွာတွင်ရှိနေသော အရင်းအမြစ်များကို မည်သို့ အသုံးပြုမည်၊ မည်သည့်အချိန်တွင် အသုံးပြုမည်ဆိုသည့် ဆုံးဖြတ်ချက်ကို အမျိုးသား၊ အမျိုးသမီးများ အတူတူပင်ဆုံးဖြတ်ချက်ချကြပါသည်။ ကျေးရွာ၏ အရင်းအမြစ်အသုံးချမှုမြေပုံကို သုံးသပ်ဆွေးနွေးခြင်း ဖြင့် အမျိုးသား၊ အမျိုးသမီး ခွဲခြားမှုမရှိဘဲ ပူးပေါင်းဆောင်ရွက်မှုရှိသောကျေးရွာတစ်ရွာဖြစ်ပါသည်။

တော်ခူရွာဟောင်းကျေးရွာ၏ အရင်းအမြစ်များထိန်းချုပ်မှုပြဇယားသုံးသပ်ခြင်းဖြင့် အမျိုးသားနှင့် အမျိုးသမီးများ အဓိကအသုံးပြုနေသော အရင်းအမြစ်များမှာ ရေ၊ မြေယာ၊ စိုက်ခင်းများ၊ သစ်တောနှင့် သစ်တောထွက်ပစ္စည်းများ စသည်တို့ဖြစ်ပါ သည်။ ရှေးရိုးအစဉ်အလာကပင် အမျိုးသားနှင့် အမျိုးသမီးများသည် ထိုရှိသောအရင်းအမြစ်များကို တန်းတူညီစွာအသုံးပြုကြပါသည်။ ဆုံးဖြတ် ချက်များချမှတ်ရာတွင် အမျိုးသားများကပိုမိုဦးဆောင်နေသည်ကိုတွေ့ရှိရပါသည်။ ထိုကဲ့သို့ဖြစ်ရခြင်းမှာ အမျိုးသမီးများသည် စိတ်အားငယ်တတ်ခြင်း၊ အစည်းအဝေးဆွေးနွေးမှုများတွင် ပါဝင်ခွင့်မရခြင်း၊ မပြောမဆိုရဲခြင်းမှ ပြောရေးဆိုခွင့်မရှိတော့ခြင်း၊ အိမ်မှုကိစ္စများနှင့်သာ အချိန်ကုန်လွန်နေရခြင်းတို့ကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် အမျိုးသမီးများအား ရပ်ရေးရွာရေးကိစ္စရပ်များတွင် ပါဝင်ဆွေးနွေးစေခြင်း၊ ဆုံးဖြတ်ချက်ချစေခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့တွင် အမျိုးသားများနှင့် တန်းတူအခွင့် အရေးပေးခြင်းဖြင့် အရင်းအမြစ်များ တန်းတူညီစွာ အသုံးပြုပြီး ဆုံးဖြတ်ချက်ချမှတ်နိုင်ကြောင်း လေ့လာ သုံးသပ်ရပါသည်။

မှတ်တမ်းတင်သူ
ကူးရယ်
လူထုစည်းရုံးရေးမှူး

# ရာသီခွင်ပြ ပြက္ခဒိန်



**ရည်ရွယ်ချက်။** ။ တော်ခူရွာဟောင်းကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်ရေးဆွဲရခြင်း၏ ရည်ရွယ်ချက်မှာ ကျေးရွာ၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ရေရရှိမှု အခြေအနေများနှင့် ကျေးရွာသူ၊ ကျေးရွာသားများ၏ လအလိုက်ဝင်ငွေ/ထွက်ငွေများအပြင် ရိုးရာပွဲတော်များ လစဉ်တည်ရှိ ပုံကိုသိရှိစေရန် ရည်ရွယ်ရေးဆွဲခြင်းဖြစ်ပါသည်။

**ရာသီဥတု။** ။ တော်ခူရွာဟောင်းကျေးရွာတွင် နွေ၊ မိုး၊ ဆောင်းဟူ၍ ရာသီဥတု(၃)မျိုးရှိသည်။ ဖေဖော်ဝါရီလမှ ဧပြီလ အထိသည် နွေရာသီဖြစ်ပြီး၊ မေလမှ စက်တင်ဘာလအထိ မိုးရာသီနှင့် အောက်တိုဘာလမှ ဇန်နဝါရီလအထိ သည် ဆောင်းရာသီ ကာလများဖြစ်ကြသည်။

**စိုက်ပျိုးရေး။** ။ တော်ခူရွာဟောင်းကျေးရွာ၏ အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းမှာ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းဖြစ်ပြီး အဓိကစိုက်ပျိုးသီးနှံများမှာ စပါးဖြစ်ပါသည်။ ဇန်နဝါရီလမှ ဧပြီလအထိသည် တောင်ယာခုတ်ခြင်း၊ တောင်ယာမီးရှို့ခြင်းနှင့် တောင်ယာကျုံးခြင်းတို့ ပြုလုပ်ကြပါသည်။ မေလတွင် (ဆူးထိုး) စပါးစတင်စိုက်ပျိုးပြီး ဇွန်လမှ စက်တင်ဘာလအထိသည် ပေါင်းနုတ်ခြင်း၊ မြက်ပေါက်ခြင်းတို့ပြုလုပ်ကြပါသည်။ အောက်တိုဘာလမှ နိုဝင်ဘာလအထိ စပါးရိတ်သိမ်းခြင်းတို့ကိုပြုလုပ်ကြပါသည်။

**ဝင်ငွေရရှိမှု။** ။ တော်ခူရွာဟောင်းကျေးရွာ၏ အဓိကစီးပွားရေးမှာ တောင်ယာစိုက်ပျိုးခြင်းဖြစ်သော်လည်း ကျေးရွာသူ၊ ကျေးရွာသားများသည် တစ်နှစ်ပတ်လုံး ပုံမှန်ဝင်ငွေရခြင်းမျိုး ရှိမနေဘဲ ဇန်နဝါရီလမှ မေလအထိသည် ဝင်ငွေအနည်းငယ်ရရှိသောလများဖြစ်ပြီး အောက်တိုဘာလနှင့် နိုဝင်ဘာလ များတွင် စိုက်ပျိုးသီးနှံပေါ်ချိန် ဝင်ငွေရသည့်အချိန်များဖြစ်ပါသည်။

**ရေရရှိမှု။** ။ တော်ခူရွာဟောင်းကျေးရွာအနေဖြင့် ဇန်နဝါရီလမှ မေလအထိသည် ရေရရှိမှုအနည်းဆုံးလများဖြစ်ပြီး ကျန်သောလများတွင် ရေလုံလောက်စွာရရှိပါသည်။ အထူးသဖြင့် မိုးရာသီဖြစ်သည့် ဇွန်လမှ စက်တင်ဘာလသည် ရေရရှိမှုအများဆုံးသော လများဖြစ်ပါသည်။

**လမ်းပန်းဆက်သွယ်ရေး။** ။တော်ခူရွာဟောင်းကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် ဇန်နဝါရီလမှ ဧပြီလအထိသည် မိုးရွာသွန်းမှုပေါ်မူတည်ပြီး သွားလာရပါသည်။ မိုးအရမ်းများပါက သွားလာ၍အဆင်မပြေပါ။ ကျန်သောလများတွင် အလွယ်တကူ သွားလာနိုင်ပါသည်။

**ကျန်းမာရေး။** ။ ကျန်းမာရေးကဏ္ဍအနေဖြင့် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများတွင် နှာစေး ချောင်းဆိုးခြင်း၊ မေလတွင် ဝမ်းပျက်၊ ဝမ်းလျှောခြင်းအဖြစ်များပြီး နိုဝင်ဘာနှင့် ဒီဇင်ဘာလတို့တွင် နှာစေး၊ ချောင်းဆိုးခြင်းအပြင် ငှက်ဖျားရောဂါများအဖြစ်များဆုံးသောလဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။


**ပွဲတော်။** ။ ပွဲတော်များအနေဖြင့် ဇန်နဝါရီလတွင် ကော်ယော်(မိုနူ/မနော)အမျိုးသားနေ့ပွဲ၊ ဧပြီလတွင် အုပ်စုဝတ်ပြုပွဲ၊ ဒီဇင်ဘာလတွင် ခရစ္စမတ်ပွဲတော်များ ကျင်းပလေ့ရှိကြပါသည်။

**အိမ်တွင်းရေးလုပ်ငန်း။** ။ အိမ်တွင်းရေးလုပ်ငန်းကို သုံးသပ်ဆွေးနွေးရာတွင် အိမ်တွင်းအသုံးပြုရမည့် ဝမ်းစာများသိုလှောင်ထားရှိမှုကို ဆွေးနွေးခြင်းဖြစ်ပါသည်။ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့တွင် ထင်းခုတ်ခြင်း၊ ထင်းခွဲခြင်းတို့ ပြုလုပ်ပြီး နွေရာသီဖြစ်သည့် မတ်လနှင့် ဧပြီလများတွင် တောလိုက်ခြင်းပြုလုပ်ကြပါသည်။ မေလနှင့် ဇွန်လများတွင် ထင်းများသိမ်းဆည်းသိုလှောင်ခြင်းနှင့် ဇူလိုင်လတွင် တစ်နှစ်စာအတွက် ထင်းများမိုးတွင်းအသုံးပြုရန် သိမ်းဆည်းခြင်းတို့ ပြုလုပ်ကြပါသည်။

တော်ခူရွာဟောင်းကျေးရွာ၏ ရာသီခွင်ပြပြက္ခဒိန်သုံးသပ်ခြင်းဖြင့် အဓိကအသက် မွေးဝမ်းကျောင်းလုပ်ငန်းမှာ ရွှေ့ပြောင်းတောင်ယာလုပ်ငန်းဖြစ်ပါ သည်။ ရေရရှိရေးအပိုင်းတွင် တစ်နှစ်ပတ်လုံးရေလုံလောက်မှုရှိသော်လည်း ရေထွက်ပင်ရင်း မသန့်ခြင်း၊ ထိန်းသိမ်းမှုအားနည်းခြင်း၊ ရွာတွင် ရေစုကန်မလုံလောက်ခြင်းကြောင့် နွေရာသီတွင် ရေရှားပါးခြင်းနှင့် ကြုံရတတ်လေ့ရှိသည်။ ဝင်ငွေ မရှိသူများ၊ မပြေလည်သောအုပ်စုများ စားဝတ်နေရေးဖူလုံစေရန် ရပ်ဝေးနယ်ခြားတွင် သွားရောက်အလုပ်လုပ်ကိုင်နေရခြင်း၊ သစ်တောထွက်ပစ္စည်းများ ရှာဖွေရောင်းချခြင်းဖြင့် စားဝတ်နေရေးကိုဖြေရှင်းနေကြရပါသည်။ ဝင်ငွေနည်းရခြင်းအကြောင်းအရင်းမှာ တစ်နှစ်ပတ်လုံး တောင်ယာလုပ်ငန်းနှင့်သာ အချိန်ကုန်နေသောကြောင့်ဖြစ်ပါသည်။ ထို့ကြောင့်စိုက်ပျိုးရေးနည်းပညာနှင့် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်သောသင်တန်းများပံ့ပိုးပေးခြင်းဖြင့် နည်းလမ်းများလိုက်နာဆောင်ရွက်ကာ ဝင်ငွေရသောလုပ်ငန်းများ ရှာဖွေသိရှိလာ မည်ဖြစ်ကြောင်း လေ့လာသုံးသပ်ရပါသည်။

မှတ်တမ်းတင်သူ<br>ကူးရယ်<br>လူထုစည်းရုံးရေးမှူး

## ပင့်ကူအိမ်သုံးသပ်ခြင်း



**ရည်ရွယ်ချက်**။ ။ တော်ခူရွာဟောင်းကျေးရွာ၏ ကျား၊ မဆိုင်ရာ ပင့်ကူအိမ်သုံးသပ်ရေးဆွဲရခြင်း၏ရည်ရွယ်ချက်မှာ အမျိုးသားနှင့် အမျိုးသမီးများ၏ မတူညီသောဦးစားပေးအကြောင်း၊ အမျိုးသမီးများ၏ ပါဝင်မှုအခန်းကဏ္ဍများ၊ ပါဝင်မှုအနေအထားကွာဟမှုရှိပါက မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို သိမြင်စေရန်နှင့် စွမ်းဆောင်မှုအား သိရှိမြင်သာလာစေရန် ရည်ရွယ်ပါသည်။

**ကျန်းမာရေး**။ ။ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကျန်းမာရေးစောင့်ရှောက်ခွင့်ရသည့် အခြေအနေတွင် အမျိုးသားများနှင့် အမျိုးသမီးများသည်(၈၀%)တန်းတူပင်ဖြစ်ပါသည်။

**အိမ်တွင်းမှု**။ ။ အိမ်တွင်းမှုများနှင့်ပတ်သက်သည့် လုပ်ငန်းများဖြစ်သော ထမင်းဟင်းချက်ခြင်း၊ အဝတ်လျှော်ခြင်း၊ ရေခပ်ခြင်း၊ ကလေးထိန်းခြင်းအစရှိသည့် လုပ်ငန်းများတွင် အမျိုးသမီးများသည်(၉၀%)ဖြစ်ပြီး၊ အမျိုးသားများသည်(၈၀%)ဖြစ်ကြသည်။

**ပညာရေး**။ ။ ပညာရေးဟူပြီး သုံးသပ်ရာတွင် ကျေးရွာတွင်းရှိ အမျိုးသမီး၊ အမျိုးသားများ၏ စာတတ်မြောက်မှုအခြေအနေနှင့် ကျောင်းတက်မှုအခြေအနေပေါ်ကြည့်၍ သုံးသပ်မှုပြုလုပ်ခြင်းဖြစ်ရာ အမျိုးသားနှင့် အမျိုးသမီးများသည် (၅၀%)အတူတူပင်ဖြစ်သည်။

**စီးပွားရေး**။ ။ တော်ခူရွာဟောင်းကျေးရွာ၏ စီပွားရေးလုပ်ကိုင်မှုအခြေအနေတွင် အမျိုးသမီးများမှဦးစီးလုပ်ကိုင်သည့်အရေအတွက်နှင့် အမျိုးသားများဦးစီးလုပ်ကိုင်သည့် အရေအတွက်မှာ(၈၀%) အတူတူပင်ဖြစ်သည်။

**ဘာသာရေး**။ ။ ဘာသာရေးဆောင်ရွက်မှုများတွင် အမျိုးသမီးများနှင့် အမျိုးသားများသည်(၉၀%) တန်းတူအနေအထားတွင်ရှိပါသည်။ ထိုသို့တန်းတူအနေအထားတွင် တည်ရှိနေရခြင်းမှာ အမျိုးသမီးများနှင့် အမျိုးသားများသည် ဘာသာရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အတူတူပူးပေါင်းဆောင်ရွက်မှုရှိပြီး မိမိတို့တာဝန်ယူနိုင်သည့် အပိုင်းမှပါဝင်ဆောင်ရွက်ကြပါသည်။

**လူမှုရေး**။ ။ ရွာ၏လူမှုရေးလုပ်ငန်းများဖြစ်သော သာရေး၊ နာရေးကဏ္ဍများနှင့် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အမျိုးသမီးများသည်(၅၅%)ရှိပြီး အမျိုးသားများသည်(၇၀%) အနေအထားတွင်ရှိပါသည်။

**အုပ်ချုပ်ရေး**။ ။ အုပ်ချုပ်ရေးပိုင်းများဖြစ်သည့် ကျေးရွာခေါင်းဆောင်မှုပိုင်းနှင့် ဆုံးဖြတ်ချက်ချမှုအပိုင်းတွင် အမျိုးသမီးများသည် (၇၀%)ပါဝင်ကြပြီး၊ အမျိုးသားများက (၉၀%)ပါဝင်ကြပါသည်။

**စိုက်ပျိုးရေး။** ။ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသမီးများ (၈၀%)နှင့် အမျိုးသားများ (၉၀%)ဖြစ်ပါသည်။ စိုက်ပျိုးခြင်းလုပ်ငန်းဟုဆိုရာတွင် တောင်ယာစိုက်ပျိုးခြင်းအပေါ်အခြေခံဆွေးနွေးကြခြင်းဖြစ်ပါသည်။


**မွေးမြူရေး။** ။ တော်ခူရွာဟောင်းကျေးရွာ၏ မွေးမြူရေးလုပ်ငန်း(တပိုင်တနိုင် ကြက်/ဝက်)လုပ်ငန်းများ ဆောင်ရွက်မှုတွင် အမျိုးသမီးများနှင့် အမျိုးသားများသည် (၇၀%) ခန့်အတူတူပင် ဖြစ်ပါသည်။

လမ်းပန်းဆက်သွယ်ရေး။ ။ တော်ခူရွာဟောင်းကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခန်းကဏ္ဍတွင် အချိန်မရွေးသွားလာရန် အဆင်ပြေမှုနှင့် ကျေးရွာနှင့် နီးစပ်သောမြို့နယ်များသို့ သွားရောက်မှုအပေါ် မူတည်ဆွေးနွေးခြင်းဖြစ်ပြီး ထိုအပေါ်တွင် အမျိုးသားများသည်(၉၀%)နှင့် အမျိုးသမီးများသည် (၈၀%)ရှိပါသည်။

တော်ခူရွာဟောင်းကျေးရွာ၏ အမျိုးသား၊ အမျိုးသမီးပင့်ကူအိမ်သုံးသပ်ခြင်းဖြင့် အမျိုးသားများ၏ စွမ်းဆောင်ရည်သည် အမျိုးသမီးများနှင့် အမှတ်ကွာခြားရသောအကြောင်းအရင်းများမှာ အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများနှင့်အချိန်ကုန်ရခြင်း၊ ကလေးများပြုစုပျိုးထောင်ရေး ကိစ္စရပ်များတွင် ပို၍အချိန်ပေးနေရခြင်းကြောင့်ဖြစ်ပါသည်။ ထို့အပြင်အမျိုးသမီးများ အမိကရင်ဆိုင်နေရသော အခက်အခဲမှာ အမျိုးသားများနှင့်ရင်ဘောင်မတန်းနိုင်ခြင်း၊ ရှေးရိုးဓလေ့အရ အမျိုးသမီးများသည် အခွင့်အရေးပေးခံရမှုနည်းခြင်း၊ စိတ်အားငယ်၍ မပြောမဆိုရဲခြင်း၊ သွားရေးလာရေးတွင်လည်း လုံခြုံမှုမရှိခြင်း၊ ခွန်အားမမျှ ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ ပညာရေးပိုင်းတွင်ဦးစားပေးခံရမှုနည်းခြင်းနှင့် ဆွေးနွေးမှုများတွင် ပါဝင်ဆွေးနွေးခွင့် မရှိခြင်း တို့ဖြစ်ပါသည်။ ထို့ကြောင့်ကျေးရွာတွင် အမျိုးသမီးများအား သီးသန့်အသိပညာပေးခြင်း၊ ဆွေးနွေးပွဲများတွင် ပါဝင်ဆုံးဖြတ်စေခြင်း၊ လုပ်အားခနှင့် အလုပ်အကိုင် အခွင့်အရေးတန်းတူပေးခြင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အမျိုးသမီးများအား လက်တွဲခေါ်ခြင်း၊ အမျိုးသမီးရေးရာနှင့်ဆိုင်သော သင်တန်းများပေးခြင်းနှင့် အိမ်တွင်းမှုသင်တန်းများတက်ရောက်နိုင်ရန် ကူညီထောက်ပံ့ပေးခြင်းများ ဖြင့် အမျိုးသမီးများ၏ ဘဝကိုမြင့်တင်နိုင်မည်ဖြစ်ကြောင်းသုံးသပ်ရပါသည်။

မှတ်တမ်းတင်သူ<br>ကူးရယ်<br>လူထုစည်းရုံးရေးမှူး

# အဖွဲ့အစည်းများချိတ်ဆက်မှုပြမြေပုံ



**ရည်ရွယ်ချက်။** ။ တော်ခူရွာဟောင်းကျေးရွာ၏ အဖွဲ့အစည်းများချိတ်ဆက်မှုဇယား ရေးဆွဲရခြင်း၏ရည်ရွယ်ချက်မှာ ကျေးရွာအတွင်းရှိ သြဇာလွှမ်းမိုးမှုရှိသောသူများ၊ ကျေးရွာလူထုအတွင်း ကွဲပြားခြားနားနေသောအုပ်စုများနှင့် အဖွဲ့အစည်းများ၊ ဆုံးဖြတ်ချက်ချရာတွင် အမျိုးသား/အမျိုးသမီးပါဝင်မှုအခြေအနေ၊ ကျေးရွာအတွင်းရှိ အရင်းအမြစ်အသုံးချမှုအခြေအနေနှင့် ထိန်းချုပ်မှုအခြေအနေ၊ ကျေးရွာပြင်ပအဖွဲ့အစည်းများနှင့် ရွာလူထုအပြန်အလှန်ဆက်စပ်နေမှုအခြေအနေ ကိုသိရှိစေရန်ရည်ရွယ်ပါသည်။

တော်ခူရွာဟောင်းကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံကို သုံးသပ်ရာတွင် ကျေးရွာပေါ်တွင် အကျိုးပြုမှုကိုမူတည်ပြီး စက်ဝိုင်းအနီးအဝေးဖြင့် သုံးသပ်မှုများပြုလုပ်ခဲ့ပါသည်။ ကျေးရွာတွင်းရှိနေသော အဖွဲ့အစည်းများမှာ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့သည် ကျေးရွာလုံခြုံရေးအတွက် အချင်းချင်းချတ်ဆက်ဆောင်ရွက်ကြပါသည်။ ကျန်သောအဖွဲ့အစည်းများမှာ ဘာသာရေးအဖွဲ့အစည်းများ၊ ဓမ္မပညာအသင်း၊ လူငယ်အဖွဲ့၊ ရံပုံငွေရှာဖွေရေးကော်မတီ၊ အမျိုးသမီးအသင်း၊ မူကြိုကော်မတီ၊ စပါးဘဏ်ကော်မတီ၊ ကယားဖူးကျန်းမာရေးကော်မတီ၊ ပညာရေးကော်မတီ၊ ရေကော်မတီ တို့ဖြစ်ကြပါသည်။ ပြင်ပရှိအဖွဲ့အစည်းများမှာ KMPP ကျန်းမာရေးအဖွဲ့၊ လူထုဗဟိုပြုစီမံကိန်းအဖွဲ့များဖြစ်ကြပြီး ကျန်အဖွဲ့အစည်းများသည် ချိတ်ဆက်မှု အားနည်းနေသေးကြောင်း သုံးသပ်တွေ့ရှိရပါသည်။

တော်ခူရွာဟောင်းကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်မှုဇယားသုံးသပ်ရာတွင် ကျေးရွာတွင်းလုပ်ပိုင်ခွင့်ရှိသောအဖွဲ့မှာ အုပ်ချုပ်ရေးအဖွဲ့နှင့် ဘာသာရေးအဖွဲ့အစည်းများပင်ဖြစ်ပါသည်။ ထိုအဖွဲ့အစည်းများသည် ရပ်ရေးရွာရေးကိစ္စများတွင် အဓိကဦးဆောင်သည်။ ထို့အပြင် လူမှုရေး၊ ဘာသာရေးနှင့် နိုင်ငံရေးကိစ္စရပ်များတွင်လည်း အုပ်ချုပ်ရေးမှဦးဆောင်ပြီးကျေးရွာရှိ လူငယ်အဖွဲ့များအား စီမံခန့်ခွဲသည်။ ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများလည်း သက်ဆိုင်ရာကဏ္ဍအလိုက် လူမှုရေးတာဝန်များကို အချင်းချင်းချတ်ဆက် ဆောင်ရွက်လေ့ရှိပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကဏ္ဍတွင် လူငယ်အဖွဲ့များ၊ အုပ်ချုပ်ရေးအဖွဲ့များသည် အဓိက ကျသည်။ ထို့အပြင် ပြင်ပဌာနဆိုင်ရာအဖွဲ့များ၊ မြို့နယ်ပညာရေးမှူးရုံး တို့ကို အုပ်ချုပ်ရေးမှ အဓိကချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။ ပြင်ပအဖွဲ့အစည်းချိတ်ဆက်မှုများရှိနေသော်လည်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ ရေရရှိရေး စီမံကိန်းဆောင်ရွက်ခြင်း၊ ရွာတွင်းလမ်းသွားလာရေး အဆင်ပြေစေရန် ပံ့ပိုးကူညီပေးနိုင်သော အဖွဲ့အစည်းများချိတ်ဆက်ရန် လိုအပ်လျက်ရှိကြောင်းသုံးသပ်ရပါသည်။

မှတ်တမ်းတင်သူ<br>
ကူးရယ်<br>
လူထုစည်းရုံးရေးမှူး

## ၇။ ကော်မတီဝင်များ ရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီစဉ်ဆောင်ရွက်မှုမှတ်တမ်း ဓာတ်ပုံများ









## ၈။ တော်ခူရှာဟောင်းကျေးရွာ၏ စီမံကိန်းအထောက်အကူပြု ကျေးရွာကော်မတီဝင်များစာရင်း

| စဉ် | အမည် | ကျား/မ | | ရာထူး/တာဝန် |
|---|---|---|---|---|
| ၁ | ဦးမူးဒီ | ကျား | - | ကျေးရွာ စီ/ထောက် ဥက္ကဋ္ဌ |
| ၂ | ဒေါ်ခူထူး | - | မ | ကျေးရွာ စီ/ထောက် ဥက္ကဋ္ဌ |
| ၃ | ဦးမောင်နဲ့ | ကျား | - | စောင့်ကြည့်၊ ကြီးကြပ်ရေးဆပ်ကော်မတီ |
| ၄ | ဒေါ်သယ်ဖော | - | မ | စောင့်ကြည့်၊ ကြီးကြပ်ရေးဆပ်ကော်မတီ |
| ၅ | ဦးကဲဒို | ကျား | - | ဝယ်ယူရေးဆပ်ကော်မတီ |
| ၆ | ဒေါ်ဖောထူး | - | မ | ဝယ်ယူရေးဆပ်ကော်မတီ |
| ၇ | ဦးမောင်အေးရွှင် | ကျား | - | လည်ပတ်၊ ပြင်ဆင်ထိန်းသိမ်းရေးဆပ်ကော်မတီ |
| ၈ | ဒေါ်ရီးလာ | - | မ | လည်ပတ်၊ ပြင်ဆင်ထိန်းသိမ်းရေးဆပ်ကော်မတီ |
| ၉ | ဦးယိုဟန် | ကျား | - | ဝေဖန်အကြံပြုတိုင်ကြားရေးဆပ်ကော်မတီ |
| ၁၀ | ဒေါ်ဥစိန်ဖော | - | မ | ဝေဖန်အကြံပြုတိုင်ကြားရေးဆပ်ကော်မတီ |
| ၁၁ | ဦးဆော်လမွန် | ကျား | - | ကျေးရွာစေတနာ့ဝန်ထမ်း |
| ၁၂ | ဒေါ်ပလယ်ထူး | - | မ | ကျေးရွာစေတနာ့ဝန်ထမ်း |
| ၁၃ | ဒေါ်ကညောဖော | - | မ | ကျေးရွာစာရင်းကိုင် |
| **ကော်မတီဝင် စုစုပေါင်း** | | ၆ | ၇ | ၁၃ ယောက် |

# ၉။ ကျေးရွာအချက်အလက် ( ပုံစံ -၁ )

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

ပုံစံ - ၈ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာ ခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေးမြန်းစုဆောင်းပြီး ဖြည့်စွက်ရမည်။ ဤအချက်အလက်များကို စီမံကိန်း၊ မိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက် များအား စစ်ဆေးပြီး၊ မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ | | | |
| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် ဦးကျော်ရှ [illegible] | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် ဦး[illegible] | |
| ပြည်နယ်၊တိုင်းဒေသကြီး၊ကယား | မြို့နယ် ဖရူဆို | ကျေးရွာအုပ်စု တော်ဦး | ကျေးရွာ တော်ဦး (ဟောင်း) |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) [illegible] | ၇၆ | ဘာသာ (၁) [illegible] | ၇၆ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစု (၄) ------------ | | | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ကျား ၄၇ ဦး | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ကျား(၅) ၊ မ(၁၈) | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) | |
|---|---|---|---|
| လူဦးရေ | | | |
| လူမျိုးစု (၁)------[illegible]------ | ၂၃၄ | ၂၂၃ | = ၄၅၇ |
| လူမျိုးစု (၂) ------------------------ | | | |
| လူမျိုးစု (၃) ------------------------ | | | |
| လူမျိုးစု (၄) ------------------------ | | | |
| လူမျိုးစု (၅) ------------------------ | | | |
| အိမ်ထောင်ဦးစီး | | | |

(ဃ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ


| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☑ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☑ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(င) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမာရေး | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☐ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ ဝါးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☑ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ယ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | (ကတ္တရာလမ်း) | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ____________ |



## ၁၀။ စီမံကိန်းစက်ဝန်း အချိန်ဇယား ( ပုံစံ - ၂ )

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

ပုံစံ - ၀ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | | | | | |
|---|---|---|---|---|---|---|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/ လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | | | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဦးကူးရယ် | | | | | | | |
| နေ့စွဲ ၃၀.၁၂.၂၀၁၇ | | | | စက်ဝန်းအားအမှတ်ခြစ်ပါ □စက်ဝန်း(၁) □စက်ဝန်း(၂) ☑စက်ဝန်း(၃) □စက်ဝန်း (၄) | | | |
| ပြည်နယ်/တိုင်း | ကယား | မြို့နယ် | ဖရူဆို | ကျေးရွာအုပ်စု | တော်ရူ | ကျေးရွာ | တော်ရူရွာဟောင်း |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | |
|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် | |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၇.၁၁.၂၀၁၇ | ၇.၁၁.၂၀၁၇ | ၂၁ | ၁၉ | ၄၀ | ၄၀ | မနူ၊မဖော |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၈.၁၁.၂၀၁၇ | ၈.၁၁.၂၀၁၇ | ၂၁ | ၁၉ | ၄၀ | 〃 | 〃 |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၂၈.၁၁.၂၀၁၇ | ၂၈.၁၁.၂၀၁၇ | ၁ | ၁ | ၂ | ၂ | 〃 |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေးအကြောင်းကြားသည့် အစည်းအဝေး | | | | | | | |

## ၁၁။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် ( ပုံစံ - ၃ )

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

**ပုံစံ - ၀ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)**

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေးကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုဖြည့်စွက်အောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးကူးရှယ် | | | |
| နေ့စွဲ - ၈.၁၁.၂၀၁၇ | | စက်ဝန်းအား အမှတ်ခြစ်ပါ (✓) ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☑စက်ဝန်း(၃) ☐စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ကယား | ဖရူဆို မြို့နယ် | ကျေးရွာအုပ်စု ဖော်ခူ | ကျေးရွာ ဖော်ခူ (မြောက်) |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | ရေပုံမှန် မလာသော အခက်အခဲ | ၁ | ကျေးရွာအတွင်း သွားလာရေး ခက်ခဲခြင်း |
| ၂ | ကျေးရွာတွင်း လမ်း အခက်အခဲ | ၂ | ကလေးငယ် ပြုစုစောင့်ရှောက်ရာ ခက်ခဲခြင်း |
| ၃ | အသိပညာဗဟုသုတနည်းပါး၍ ပညာရေး နိမ့်ကျခြင်း | ၃ | ရေလှောင်ကန်မလုံလောက်ခြင်း (ရေစုကန်) |
| ၄ | အမှိုက်စုစည်း/ရှင်းလင်းရာတွင် အခက်အခဲ | ၄ | ကျေးရွာစာကြည့်တိုက်မရှိ၍ ဗဟုသုတနည်းပါးခြင်း |
| ၅ | စက်မှုနည်းပညာမရှိခြင်း | ၅ | အသက်မွေးဝမ်းကျောင်း သင်တန်း လိုအပ်ခြင်း |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | ရေထွက်ပေါက်ရင်း ရေစုကန် ပြင်ဆင်နိုင်ရမည် | ၁ | ကျောက်ခင်း လမ်း ဖြစ်ရမည် |
| ၂ | ရွာတွင်း လမ်း ကွန်ကရစ်လမ်း ဖြစ်ရမည် | ၂ | ခန်းမဆောင် ရှိရမည် |
| ၃ | အသိပညာ အတွက် စာကြည့်တိုက် ဖွင့်လှစ်နိုင်ရန် | ၃ | ကျန်းမာရေး နှင့်ညီညွတ်သော ရေစုကန် ရှိရမည် |
| ၄ | ကလေး ကစား အတွက် ခန်းမဆောင် ရှိရမည် | ၄ | ကျေးရွာစာကြည့်တိုက် ရှိရမည် |
| ၅ | ဆိုင်ကယ်ဝပ်ရှော့ ဖွင့်လှစ်နိုင်ရမည် | ၅ | အထည်ယက် ထိုး သင်တန်း ဖွင့်လှစ်နိုင်ရမည် |

**ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျိုးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။**

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေ အတွက် |
|---|---|---|---|---|
| ၁ | ရေကန် (ခြံစည်းရိုး) | အမျိုးသား + အမျိုးသမီး | 50 သိန်း | ၄၅၇ |
| ၂ | ကွန်ကရစ်လမ်း (3') | " | 200 သိန်း | ၄၅၇ |
| ၃ | စာကြည့်တိုက် | " | 50 သိန်း | ၄၅၇ |
| ၄ | ခန်းမဆောင် | " | 163 သိန်း | ၄၅၇ |
| ၅ | | | | |

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆


ယ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | စက်မှု လက်မှု နည်းပညာ | အမျိုးသား | အသက်မွေးဝမ်းကျောင်း ၄ |
| ၂ | အသက်မွေးဝမ်းကျောင်း သင်တန်း | အမျိုးသမီး | |
| ၃ | အသိပညာ [illegible] | အမျိုးသား | |
| ၄ | | | |
| ၅ | | | |
| ၆ | | | |
| ၇ | | | |
| ၈ | | | |
| ၉ | | | |
| ၁၀ | | | |
| ၁၁ | | | |
| ၁၂ | | | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---[illegible]--- လက်မှတ် ---[signature]--- နေ့စွဲ ---၈.၁၁.၂၀၁၇---

## ၁၂။ ကျေးရွာအစည်းအဝေးမှတ်တမ်းများ



ကျေးရွာ - ဖော်ရူရွာဟောင်း

ကျေးရွာအုပ်စု - ဖော်ရူ

အကြောင်းအရာ - ပထမအကြိမ်ကျေးရွာအစည်းအဝေး

တာဝန်ကျဝန်ထမ်းများ - ဦးကျူးရယ်၊ ဒေါ်ရှေရိုမီးနာရီတင်

ရက်စွဲ - 7 . 11 . 17

အစည်းအဝေးတက်ရောက်သူဦးရေ - ကျား (၂၁၁)ဦး + မ (၂၃၉)ဦး = (၄၅၀)ဦး

ပထမအကြိမ်ကျေးရွာအစည်းအဝေးကို ဖော်ရူရွာဟောင်းကျေးရွာ၌ (7.11.17) ၌ ပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးကို အစည်းအဝေးအစီအစဉ်များဖတ်ကြားခြင်းအားဖြင့် အစပြုခဲ့ပါသည်။ စီမံကိန်း၏ ရည်ရွယ်ချက်၊ စပြောစီ လူထုဗဟိုပြုစီမံကိန်းနှင့် ပတ်သက်သည့် အကြောင်းအရာများကို ရွာလူထုများနှင့် အတူဆွေးနွေးခဲ့ပါသည်။ ထို့နောက် စီမံကိန်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ရပ်ရွာရရှိမှုအကြောင်းနှင့် ဒုတိယနှစ်ကာလအတွင်း ဖော်ရူကျေးရွာအုပ်စုတွင် စီမံကိန်းရရှိသည့်ကျေးရွာများကို အစည်းအဝေးတက်ရောက်လာသူများသိရှိအောင် ပြောကြားခဲ့ပါသည်။ ကျန်စီမံကိန်း၌ အကျုံးဝင်သည့်လုပ်ငန်းနှင့် အကျုံးမဝင်သည့်လုပ်ငန်းများကိုလည်းကောင်း၊ ကျား/မ ရေးရာနှင့် ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးယန္တရားအကြောင်းကို ပြန်လည်ဆွေးနွေးခဲ့ပါသည်။

ကျေးရွာ - ဖော်ရှူရွာဟောင်း

ကျေးရွာအုပ်စု - ဖော်ရှူ

အကြောင်းအရာ - ဒုတိယအကြိမ်ကျေးရွာအစည်းအဝေး၊

တာဝန်ကျဝန်ထမ်း
များ - ဦးကူးရယ်၊ ဒေါ်ဂျေရှီမီးမာရီတင်

ရက်စွဲ - 8 . 11 . 2017

အစည်းအဝေးတက်
ရောက်သူဦးရေ - ကျား ၂၆၁ ဦး + မ ၁၉၀ ဦး = ၄၅၁ ဦး၊

ဒုတိယအကြိမ် ကျေးရွာအစည်းအဝေး ကို ဖော်ရှူရွာဟောင်းကျေးရွာ၌ (8.11.'17) ရက်နေ့၌ ပြုလုပ်ခဲ့ပါသည်။ အစည်းအဝေး အား ကော်မတီဝင် များ ရွေးချယ်ခြင်း အား ဖြင့် အစပြုခဲ့ရာ ကော်မတီဝင်များ ကို ရွာလူထုများ ၏ သဘောတူညီချက်အရ ဖြင့်လည်း ရွေးချယ်သတ်မှတ်ခဲ့ကာ ကော်မတီဝင် များ ရွေးချယ်ခြင်း အစီအစဉ် ကို HR. 2 နှင့် COC များ၌ အချက်အလက် များ ဖြည့်စွက်ပေးပြီး လက်မှတ် ရေးထိုးခဲ့ပါသည်။ ထို့နောက် အမျိုးသား တစ်ဖွဲ့ ၊ အမျိုးသမီးတစ်ဖွဲ့ ခွဲကာ ကျေးရွာ၏ အခက်အခဲ များ ကို ဖော်ထုတ် ခဲ့ပါသည်။ ထို့နောက် မျှော်မှန်းချက် များ ကို လည်း ဖော်ထုတ်ခဲ့ပြီး ကျေးရွာ၏ ဦးစားပေး လုပ်ငန်း များ ကို ရွေးချယ် ခဲ့ကာ ဒုတိယအကြိမ် ကျေးရွာအစည်းအဝေး ကို ရုပ်သိမ်းခဲ့ပါသည်။

# ၁၃။ ကဏ္ဍအလိုက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

**အနှစ်ချုပ်**

မှုရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနှိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| အသက်မွေးဝမ်းကျောင်း/ စီးပွားရေး ဖွံ့ဖြိုးရေး | ၁ | စက်မှုလက်မှုနည်းပညာ | ☐ မ ☐ ကျား ✓ | | |
| | ၂ | အသက်မွေးဝမ်းကျောင်း သင်တန်း | ☐ မ ☐ ကျား ✓ | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| [illegible] | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| [illegible] | ၁ | [illegible] ပညာရေး [illegible] | ☐ မ ☐ ကျား ✓ | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |